# မူလတန်းကြိုကျောင်း အထူးပညာ ရေးအတွက်
# လမ်းညွှန်တစ်ရပ်




ကလေးသူငယ်များအားလမ်းညွှန်ပေးရေးစင်တာ
မှ/တဆင့်ဘာဖလိုအမျိုးသမီးနှင့်ကလေးဆေးရုံ
219 Bryant Street
Buffalo, New York 14222
716-408-2589
အခမဲ့ဖုန်းလိုင်း 1 (800) 462-7653
www.wchob.org/ecdc


၂၀၁၂

မူလတန်းကြိုကျောင်းနှင့် အထူးပညာရေး အစီအစဉ်များ/ဝန်ဆောင်မှုများအတွက် အရည်အချင်းပြည့်မီရေး ဆိုင်ရာ အချက်အလက်အသစ်များရယူရန်NYSED ဝဘ်ဆိုက်အား (http://www.emsc.nysed.gov) တွင်ဝင်ရောက်ကြည့်ရှုပါ။

# လေးစားရပါသော မိဘများ -

ဤလက်စွဲစာအုပ်သည် မူလတန်းကြိုအထူးပညာရေးအကြောင်းကိုသိနားလည်ရာတွင် သင့်အားအထောက်အကူပြုရန် ဖော်ဆောင်ထားသည့် အစပြုလမ်းညွှန်းချက်ဖြစ်ပါသည်။ လူမှုပေါင်းသင်းဆက်ဆံရေးအတတ်ပညာ၊ စကားတတ်မြောက်ရေး သို့မဟုတ် ကိုယ်လက်အသုံးပြုမှုအတတ်ပညာသို့မဟုတ် ၄င်းတို့၏ လိုအပ်ချက်များကိုဖြည့်ဆီးပေးနိုင်မည့် သဟာဇတဖြစ်သောအပြုအမူကိုအသုံးချနိုင်စွမ်းအပါအဝင် သင်၏မူလတန်းကြိုအရွယ်ကလေး၏ ဖွံ့ဖြိုးမှုနှင့်ပတ်သက်၍ သင့်တွင်စိုးရိမ်မှုများ ရှိပါက ယခုရင်းမြစ်သည် သင့်ကလေးအတွက် ပညာပေးရေးနှင့်သက်ဆိုင်သည့် အချက်အလက်များကို သင့်ထံပံ့ပိုးထားပါသည်။

ဤစာအုပ်ငယ်တွင် အောက်ပါတို့ကိုထည့်သွင်းထားသည် -

- -မူလတန်းကြိုကျောင်းအထူးပညာရေးအကြောင်း တစေ့တစောင်း
- -မူလတန်းကြိုကျောင်းအထူးပညာရေးနှင့်ဆက်လျဉ်းသော ကော်မတီ (CPSE)
- -အထူးပညာရေးဝန်ဆောင်မှုများအားပံ့ပိုးထားပုံ မူလတန်းကြိုကျောင်း
- -အကဲဖြတ်စမ်းစစ်ခြင်းများ
- -မူလတန်းကြိုကျောင်းအထူးပညာရေးအတွက်အရည် အချင်းပြည့်မှီမှု
- -သင်သည်အဖွဲ့ဝင်တစ်ဦးဖြစ်သည်
- -CPSE အစည်းအဝေး
- -ဝန်ဆောင်မှု အဆက်အစပ်
- -သင်၏ အခန်းကဏ္ဍ

သင့်ကလေး၊သင့်မိသားစုသို့မဟုတ်ကျောင်းခရိုင်နှင့်ပတ်သက်၍ စိုးရိမ်မှုများဖြစ်စေ မေးစရာများဖြစ်စေ သင့်တွင်ရှိလျှင် ***ကလေးသူငယ်များအားလမ်းညွှန်ပေးရေး စင်တာ (ECDC)*** ကသင်နှင့်ဆွေးနွေးနိုင်ပါသည်။


ECDC ကို ဖုန်း

716-408-2589 သို့မဟုတ် 1-800-462-7653 တွင်ခေါ်ဆို၍ ဆက်သွယ်နိုင်ပါသည်

အီးမေးလ်ဖြင့်ဆိုလျှင် ecdc@kaleidahealth.org သို့ပေးပို့ပါ

သို့မဟုတ် ကျွန်ုပ်တို့၏ဝဘ်ဆိုက် www.wchob.org/ecdc သို့သွားရောက်ကြည့်ရှုနိုင်ပါသည်


မှုကြမ်း

# မူလတန်းကြိုကျောင်း
# အထူးပညာရေးအကြောင်း တစေ့တစောင်း



## 1. လွှဲပြောင်းပေးမှု

မိဘတစ်ဦးအနေဖြင့် သင်နေထိုင်သည့် ခရိုင်ရှိ ခရိုင်၏ မူလတန်းကြိုကျောင်းအထူးပညာရေးနှင့်စပ်လျဉ်းသောကော်မတီ(CPSE)ရှိ ကျောင်းထံသို့ စာဖြင့်လွှဲပြောင်းပေးမှုကို တိုက်ရိုက်ပြုလုပ်နိုင်ပါသည်။ ၎င်းကဲ့သို့သင်မပြုလုပ်ရသေးလျှင် ကျောင်းပြောင်းထားချိန်၌ ကျောင်းခရိုင်တွင် သင့်ကလေးကို စာရင်းအပ်နှံထားသင့်ပါသည်။ လွှဲပြောင်းမှုအားမည်သို့ပြုလုပ်ရမည်နှင့်ဆက်စပ်၍ သင်က လမ်းညွှန်မှုတစ်ရပ်လိုအပ်ပါက ECDC သည်သင့်ကိုအကူအညီပေးနိုင်ပါသည်။ 716 408-2589 ကိုခေါ်ဆိုပါ။

လွှဲပြောင်းမှုအားလက်ခံရသည်ထားသည်နှင့် ကျောင်းခရိုင်သည် အကဲဖြတ်စမ်းစစ်မှု တည်နေရာများ၊မိဘအခွင့်အရေးများနှင့် **ခံဝန်ချက်ဖောင်ပုံစံ**တို့နှင့်တကွ အချက်အလက်ကမ်းလှမ်းချက်တစ်ရပ်ကို မိသားစုထံသို့ ပေးပို့သွားပါမည်။ **ခံဝန်ချက်ဖောင်ပုံစံအား လက်မှတ်ရေးထိုးရမည်ဖြစ်၍ ပိုမိုလိုလားသည့် အကဲဖြတ်စမ်းစစ်မှုနေရာများကိုဖော်ပြကာကျောင်းခရိုင်ထံသို့ ပြန်လည်အပ်နှံရပါမည်။** ECDC သည် အကဲဖြတ်စမ်းစစ်မှုဆိုင်ရာ တည်နေရာအမျိုးမျိုးအတွက် အချိန်အပိုင်းအခြားကာလနှင့်ဆိုင်သည့် နောက်ဆုံးရအကြောင်းအချက်အလက်ကို ပံ့ပိုးပေးနိုင်ပါသည်။

CPSE က ခံဝန်ချက်ဖောင်ပုံစံအားလက်ခံရရှိချိန်၌ လုပ်ငန်းစဉ်စတင်ပါသည်။ ပြည်နယ်သတ်မှတ်ချက်မှာ ခရိုင်မှ လက်မှတ်ရေးထိုးထားသည့် ခံဝန်ချက်ဖောင်ပုံစံအားရရှိသည့် နေ့စွဲမှစတင်၍ပြက္ခဒိန်ရက်ပေါင်း ၆၀ အတွင်း CPSE နှင့် အကဲဖြတ်စမ်းစစ်မှုတို့ကိုပြုလုပ်ရပါမည်။




## 2. အကဲဖြတ်စမ်းစစ်မှု

CPSE ဥက္ကဋ္ဌသည် ရွေးချယ်ထားသည့် အကဲဖြတ်စမ်းစစ်မှုနေရာအကြောင်းအသိပေး အကြောင်းကြားသွားမည်ဖြစ်ပြီး ကလေးအတွက် အခမဲ့ စည်းကမ်းကြားနာမှုဆိုင်ရာ အကဲဖြတ်စမ်းစစ်မှုကိုလည်း အချိန်သတ်မှတ်ပေးသွားမည်။

## 3. CPSE အစည်းအဝေး

အကဲဖြတ်စမ်းစစ်မှုပြုလုပ်ပြီးနောက် CPSE သည် သင့်ကလေးကအရည် အချင်းပြည့်မီမှု ရှိမရှိကိုဆုံးဖြတ်ရန်သင်နှင့်တွေ့ဆုံသွားမည်ဖြစ်ပြီး သင့်ကလေးအတွက် သင့်လျော်မှုရှိ သောဝန်ဆောင်မှုကိုလည်းဆွေးနွေးသွားပါမည်။ အစည်းအဝေးသို့ သင်ကြိုက်သည့်သူ တစ်ဦးဦးကို ခေါ်လာနိုင်ပါသည်။ ဤအစည်းအဝေးပြုလုပ်ပြီးနောက်တွင် တစ်ဦးချင်းစီပြု သည့် ပညာရေးစီမံချက် (IEP) ကို သင်နှင့်အသင်းတို့က အတူတကွဖော်ဆောင်သွားပါ မည်။ သင့်ကလေးအတွက် ရည်မှန်းချက်များနှင့်ဝန်ဆောင်မှုများ ရှင်းလင်းဖော်ပြသွားပါ မည်။ စီမံချက်သည် ဝန်ဆောင်မှုပေးအပ်သူများက မည်သည့်အချိန်နှင့်မည်သို့မည်ပုံဖြင့် သင့်အားဆက်သွယ်မည်ကိုလည်း ရှင်းပြထားပါသည်။

## 4. ပေးအပ်ထားသည့် ဝန်ဆောင်မှုများ

သင်လက်မှတ်ရေးထိုးထားသည့် ခံဝန်ချက်ကို ရရှိပြီးနောက် ရက်ပေါင်း ၆၀အတွင်း၌ သဘောတူထားသည့် ဝန်ဆောင်မှုများကို သင့်ကလေးကစတင်ရရှိသင့်ပါသည်။ ၎င်းတို့ IEP ၏တစိတ်တပိုင်းအနေဖြင့် ဖော်ပြထားလျှင် ခရီးအသွားအလာကို သင့်ကလေးအတွက် ကောင်တီမှ စီစဉ်ထားပေးပါသည်။

# မူလတန်းကြိုကျောင်းအထူးပညာရေးနှင့် ဆက်လျဉ်းသော ကော်မတီ (CPSE)



မူလတန်းကြိုကျောင်းအထူးပညာရေးနှင့်ဆက်လျဉ်းသော ကော်မတီ(CPSE)သည်ဝန်ဆောင်မှုအပ်နှင်းခံရရန် အရည်အချင်းပြည့်မှီသောကလေးများကိုဆုံးဖြတ်ပေးရန်၊လိုအပ်သည့်ဝန်ဆောင်မှုများနှင့် ဝန်ဆောင်မှုပြုလုပ်မည့်နေရာနှင့်အကြိမ်ရေတို့ကို အဆုံးအဖြတ်ပေးရန်အတွက် အချက်အလက်အမျိုးအမည်များစွာကို ပြန်လည်စမ်းစစ်ပါသည်။ CPSE တွင် ဉက္ကဌ၊ သင့်ကလေးကိုအကဲဖြတ်စမ်းစစ်ပေးမည်ပုဂ္ဂိုလ်သို့မဟုတ် အကဲဖြတ်စမ်းစစ်ချက်အဖြေကိုရှင်းလင်းပြောကြားပေးမည့် သူတစ်ဦးဦး၊ဆရာများ၊ဝန်ဆောင်မှု ဖော်ဆောင်ပေးအပ်သူများ၊ ကောင်တီကိုယ်စားလှယ်တစ်ဦးနှင့်သင်တို့ပါဝင်ပါသည်။ CPSE နှင့်ပတ်သက်သည့် အခြားအချက်အလက်မှာ-

- NYS ရှိကျောင်းခရိုင်တစ်ခုစီသည် မူလတန်းကြိုကျောင်းအထူးပညာရေးနှင့်ဆက်လျဉ်းသော ကော်မတီ (CPSE)တစ်ရပ်ထားရှိရမည်။
- NYS ပညာရေးဌာန (NYSED) သည်ကြီးကြပ်ရေးတာဝန်ယူရသည့် အဖွဲ့အစည်းဖြစ်သည်။
- CPSE သည် တစ်ဦးချင်းစီပြုသည့် ပညာရေးအစီအစဉ်(IEP) တစ်ရပ်ကိုဖော်ဆောင်ထားပြီးအကယ်၍သင့်ကလေးက အရည်အချင်းပြည့်မှီသူအဖြစ်ဆုံးဖြတ်ခံထားရပါက (စာမျက်နှာ ၈ ရှိ " CPSE အတွက်အရည်အချင်းပြည့်မှီမှု" ကိုကြည့်ရှုပါ)။

# အထူးပညာရေးဝန်ဆောင်မှုများကို ပေးအပ်နံ့ပုံနည်းလမ်း



ဖွံ့ဖြိုးမှုပိုင်းတွင်နှောင့်နှေးနေသော မူလတန်းကြိုတက်ရောက်မည့်ကလေးများမှာအထူးဝန်ဆောင်မှုများအတွက် အရည်အချင်းပြည့်မှီနိုင်ပေသည်။ကျောင်းခရိုင်တိုင်းသည်အဆိုပါဝန်ဆောင်မှုများကို၎င်း၏အထူးပညာရေးဌာနမှတဆင့် စီမံပံ့ပိုးပေးကြပါသည်။

***မူလတန်းကြိုကျောင်းအထူးပညာရေး အပိုင်း 200.1 (mm) သို့မဟုတ် (zz) အတွက် အရည်အချင်းပြည့်မှီမှုဆုံးဖြတ်ပေးရေးတွင် အကဲဖြတ်စမ်းစစ်သည့် ဖွံ့ဖြိုးမှုဆိုင်ရာ ကဏ္ဍများ***

လုပ်ဆောင်မှုပိုင်းဆိုင်ရာ ကဏ္ဍအလိုက်တွင်အောက်ပါတို့မှတစ်ခုနှင့်အထက်ပိုသိသာစွာ နှောင့်နှေးခြင်း သို့မဟုတ် ပုံမှန်မဟုတ်ခြင်း

- သာစကား ( စကားပြောဆိုခြင်းနှင့်နာလည်းခြင်း)
- ကိုယ်လက်လှုပ်ရှားအသုံးပြုမှု(လမ်းလျှောက်ခြင်းနှင့်လှုပ်ရှားမှု)
- အကြားအာရုံဆုံးရှုံးမှု
- အမြင်အာရုံမကြည်လင်မှုပြဿနာများ
- အခြားဖွံ့ဖြိုးမှုဆိုင်ရာ နှောင့်နှေးမှုများသို့မဟုတ်**ကျောင်းသား၏သင်ယူနိုင်စွမ်းကို တန်ပြန်အကျိုးသက်ရောက်စေသည့် ပြဿနာများ**

မူကြမ်း

# အထူးပညာရေးဝန်ဆောင်မှုများကိုပေးအပ်နံ့ပုံနည်းလမ်း (ဆက်လက်၍)



နယူးယောက်ခ်ပြည်နယ်ရှိကျောင်းခရိုင်တစ်ခုစီသည် ဥက္ကဌတစ်ဦးပါဝင်သည့် မူလတန်းကြိုကျောင်းအထူးပညာရေးနှင့်ဆက်လျဉ်းသောကော်မတီ (CPSE)တစ်ရပ်ထားရှိရမည်။ သင့်ကလေးတွင်ပြဿနာတစ်ရပ်ရပ်ရှိသည်ဟု သင်သံသယဝင်မိလျှင် သင့်ကလေးကို CPSE ထံသို့လွှဲပြောင်းပေးနိုင်ပါသည်။

မူလတန်းကြိုကျောင်းအထူးပညာရေးတွင် အကဲဖြတ်စမ်းစစ်မှုအပြင် အထူးဝန်ဆောင်မှုအမျိုးမျိုးကိုထည့်သွင်းထားပါသည်။အထူးဝန်ဆောင်မှုများအားမည်သည့်နေရာနှင့်မည်သို့ပေးအပ်ပုံနှင့်ပတ်သက်၍ ရွေးချယ်မှုများစွာရှိပါသည်။ ဖြစ်ပျက်သည့်အရာနှင့်ပတ်သက်၍ သင့်တွင်ပြောစရာရှိပါသည်။ သင့်ကလေးရရှိသည့်အထူးဝန်ဆောင်မှုများကိုCPSE မှဖော်ဆောင်ထားခြင်းဖြစ်သည်။ကော်မတီတွင် သင်၊ ကျောင်းခရိုင်မှ ဥက္ကဌ၊ သင်နှင့်အတူအဖော်လိုက်အဖြစ် သင်ခေါ်လာလိုသည့်သူ၊သင်နေထိုင်သည့် ကောင်တီမှကိုယ်စားလှယ်တစ်ဦး၊ သင့်ကလေးကိုအကဲဖြတ်စမ်းစစ်သူသို့မဟုတ် အကဲဖြတ်စမ်းစစ်မှုကို ရှင်းလင်းပြနိုင်သူ၊ ဆရာများ၊ သင့်ခရိုင်မှ မိဘအဖွဲ့ဝင်တစ်ဦးတို့ပါဝင်သည်။

ဤလုပ်ငန်းစဉ်အပိုင်းတစ်ခုခုကိုသင်သဘောမတူပါကသင့်အခွင့်အရေးများချိုးဖောက်ခံရခြင်းမရှိသည်ကို သေချာစေရန် သင့်ကိုကူညီပေးမည့်အကူအညီဝန်ဆောင်မှုလည်းထားရှိပါသည်။
ဤလုပ်ငန်းစဉ်အဆင့်ဆင့်၏အသေးစိတ်အချက်အလက်များကို ယခုစာအုပ်ငယ်တစ်ခုလုံးတွင် ပေးအပ်ထားပါသည်။



မူကြမ်း

**မူလတန်းကြိုကျောင်းအထူးပညာရေးအတွက်လမ်းညွှန်တစ်ရပ်**
ကလေးသူငယ်များအားလမ်းညွှန်ပေးရေး စင်တာ ဆိုက်ရာကူစ
တက္ကသိုလ် 805 Crouse Avenue, Syracuse, NY 13244-2280
မှရေးသားဖော်ဆောင်ထားသည်

# မူလတန်းကြို အကဲဖြတ်စမ်းစစ်မှုများ



**အကဲဖြတ်စမ်းစစ်မှု** တစ်ရပ်ဆိုသည်မှာ လက်ရှိ လုပ်ဆောင်နိုင်စွမ်းအဆင့် ကိုဆုံးဖြတ်ပေးရန်နှင့်သင့်ကလေးအတွက် စီမံပေးရန် အကောင်းဆုံးနည်းလမ်းကိုဖော်ဆောင်ရန်အတွက် ကလေးတစ်ဦး၏ ကျွမ်းကျင်မှုများ၊အားသာချက်နှင့်အားနည်းချက်များကိုဂရုတစိုက်စစ်ဆေးမှုဖြစ်သည်။ သူဘာလုပ်တတ်သလဲ။သူဘာလုပ်ရတာကိုနှစ်သက်လဲ။သူနောက်ထပ်တိုးလုပ်တတ်ဖို့ဘယ်လိုအရာမျိုးတွေနဲ့ သူ့ကိုတွန်းအားပေးသင့်လဲ။ အကဲဖြတ်စမ်းစစ်ခြင်းလုပ်ငန်းစဉ်တွင် အောက်ပါအချက်အလက်အမျိုးအစားကိုကောက်ယူခြင်းဖြင့်ဖွဲ့စည်းထားပြီး ယင်းတွင်အောက်ပါတို့ကိုထည့်သွင်းနိုင်ပေသည် -

-ကျန်းမာရေးစစ်ဆေးမှုများ
-တစ်ဦးချင်းစီ၏ စိတ်ပိုင်းဆိုင်ရာ အကဲဖြတ်စမ်းစစ်မှု
-လူမှုပေါင်းသင်းဆက်ဆံရေး မှတ်တမ်း
-ပကတိအတိုင်းဟန်ဆောင်မှုမလိုသည့် ပတ်ဝန်းကျင် (အိမ်၊ကလေးထိန်းကျောင်း)တို့၌ သင့်ကလေးကို-
လေ့လာခြင်း
-သွားရေးလာရေးအတွက် လိုအပ်ချက်ကိုစီစစ်ခြင်း
-အခြားလျော်ကန်မှုရှိသော စီစစ်မှုများ *အပြုအမူဆိုင်ရာလုပ်ဆောင်စွမ်း စီစစ်မှုများကဲ့သို့ (FBA)*—ယင်းမှာ **ကလေး၏**
**-အပြုအမူသည် သူ/သူမ၏ သင်ယူနိုင်စွမ်းသို့မဟုတ် အခြားသူများ၏သင်ယူနိုင်စွမ်းကို အဟန့်အတားဖြစ်စေနိုင်သလို အကျိုးသက်ရောက်စေနိုင်သည့် ကလေးအတွက် ဥပဒေအရသတ်မှတ်ထားသည့် ကဏ္ဍဖြစ်သည်။**
**နောက်ထပ်အချက်အလက်ရယူရန်**
http://www.p12.nysed.gov/specialed/publications/topicalbriefs/FBA.htm သို့သွားရောက်ပါ။

**မိသားစု အင်တာဗျူး (အမေးအဖြေ)**

အကဲဖြတ်စမ်းစစ်မှုလုပ်ငန်းစဉ်အတွင်း သင့်ကလေးအကြောင်းအချက်အလက်ကို သင့်အားဝေမျှခိုင်းပါမည်။ အိမ်တွင်သင့်ကလေးက မည်သို့ ပြုမူသနည်း။ အချိန်အပိုင်းအခြားတစ်လျှောက်သင့်ကလေးကမည်သို့ ဖွံ့ဖြိုးလာသနည်း။ သင့်ကလေး၏လိုအပ်ချက်များနှင့်အားသာချက်များမှာ မည်သည်တို့ဖြစ်သနည်း။ သင့်ကလေး၏စိတ်ဝင်စားမှုများမှာ မည်သည်တို့ဖြစ်သနည်း။ သင့်ကလေး၏ ပင်ကိုစရိုက်မှာ မည်သည်တို့ဖြစ်သနည်း။ ဤကဲ့သို့သောမေးခွန်းများမှာ သင့်ကလေးကိုအကဲဖြတ်စမ်းစစ်ရာတွင် အရေးကြီးသည့်အပိုင်းများဖြစ်ကြပါသည်။

မူကြမ်း

# အကဲဖြတ်စမ်းစစ်မှုဆိုင်ရာ ဖွဲ့စည်းမှုများ



အရည်အချင်းပြည့်မီမှုကိုဆုံးဖြတ်ပေးရန် သင့်ကလေးကိုကနဦးစီစစ်စဉ်အတောအတွင်းထောက်ခံချက်ရရှိထားသည့် မူလတန်းကြိုကျောင်းအကဲဖြတ်စီစစ်သူများက ဖွံ့ဖြိုးမှုကဏ္ဍသုံးရပ်အလိုက်သင့်ကလေးကို စီစစ်မှုပြုလုပ်ရပါမည်-

- လူမှုပေါင်းသင်းဆက်ဆံရေးအပါအဝင် အပြုသဘောဆောင်သည့် လူမှု-စိတ်ခံစားမှုဆိုင်ရာ ပေါင်းသင်းဆက်ဆံရေးအတတ်ပညာ
- ကလေးကငယ်ငယ်ရွယ်ရွယ်အချိန်မှာပင် ဘာသာစကား/ဆက်သွယ်ပြောဆိုမှုနှင့် စာတတ်မြောက်မှု အပါအဝင် ဗဟုသုတအသိပညာ ရာမှီးအသုံးချမှုနှင့်ကျွမ်းကျင်မှုအတတ်ပညာ
- ၎င်းတို့၏လိုအပ်ချက်များပြည့်မီရန် သဟာဇတဖြစ်သော အပြုအမူများ

အဆိုပါကဏ္ဍတစ်ရပ်စီတွင် သဘာဝအတိုင်းပြုမှုပုံများတလျှောက်သင့်ကလေး၏သဘာဝအတိုင်းလုပ်ဆောင်ချက်များကို တိုင်းထွာချက် ၁ မှ ၇ အတိုင်း အမှတ်ပေးဖော်ထုတ်သွားပါမည်-

-တိုင်းထွာချက်အစသည် ၁ ဖြစ်ပြီးယင်းမှာ မူလတန်းကြိုအရွယ်ကလေးက သူ/သူမအသက်အရွယ်အလိုက် မည်သည့် အခြေအနေမှာမဆိုပြုလုပ်နိုင်စွမ်းရှိသည့်အပြုအမူနှင့်တတ်မြောက်မှု***မပြသသေး***သည်ကိုညွှန်းဆိုပါသည်။
- အလယ်အလတ်ပိုင်းတွင် ကလေးတစ်ဦး၏ တတ်မြောက်မှုနှင့်အပြုအမူများမှာ ကလေးငယ်တစ်ဦးကဲ့သို့ပြုမှုသည်နှင့် ယင်းမှာ ***အစွမ်းအစပေါ်ထွက်ခါစဖြစ်သည်***။
- တိုင်းထွာချက်အဆုံးသည် ၇ ဖြစ်ပြီး ယင်းမှာ မူလတန်းကြိုအရွယ်ကလေးက သူ/သူမအသက်အရွယ်အလိုက် ပြုလုပ်နိုင်စွမ်းရှိသည့် အပြုအမူနှင့်တတ်မြောက်မှုကိုညွှန်းဆိုပါသည်။

CPSE သည် သင့်ကလေး၏အရည်အချင်းပြည့်မီမှုကိုအဆုံးအဖြတ်ပေးရန်အတွက် သူတို့၏လုပ်ငန်းစဉ်တစိတ်တပိုင်းအနေဖြင့် စီစစ်မှု အဖြေများကို ရလဒ်ပေါ်ထွက်မှုကဏ္ဍသုံးရပ် အဖြစ်ပြန်လည်စမ်းစစ်ရပါမည်။ သူတို့၏ မူလတန်းကြို အထူးပညာရေး အဖြေကြောင့် သင့်ကလေးက တတ်မြောက်မှုအသစ်ကို လေ့လာသင်ယူနိုင်ခြင်းရှိမရှိနှင့် လုပ်ဆောင်ချက်အပြုအမူများစွာကို ဆုံးဖြတ်ပေးရာတွင် ဤအချက်အလက်တိကျမှန်ကန်မှုက အထောက်အကူပြုပေလိမ့်မည်။

**မူလတန်းကြိုကျောင်းအထူးပညာရေးအတွက်လမ်းညွှန်တစ်ရပ်**
ကလေးသူငယ်များအားလမ်းညွှန်ပေးရေးစင်တာ ဆိုက်ရာကျူစ
တက္ကသိုလ် 805 Crouse Avenue, Syracuse, NY 13244-2280
မှရေးသားဖော်ဆောင်ထားသည်



# ဝန်ဆောင်မှုအတွက် မည်သူတို့ကအရည်အချင်းပြည့်မှီ ကပါသနည်း။

**CPSE အတွက်အရည်အချင်းပြည့်မှီမှုသည် -**

-ကျောင်းသား၏မိခင်ဘာသာစကားပြောဆိုမှုတွင်တစ်ဦးချင်းစီ၏အကဲဖြတ်စမ်းစစ်မှုတစ်
ရပ်တွင် အခြေခံပါသည်
-ကျွမ်းကျင်ပုဂ္ဂိုလ်များစွာပါသည့်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့မှ အဆုံးအဖြတ်ပေးပါသည်
-အချက်အလက်ပေးသူများစွာပေါ်တွင်မူတည်ပါသည်

**နှောင့်နှေးမှုအကျုံးဝင်မှု**

- တစ်ခုသို့မဟုတ် တစ်ခုထက်ပိုသော လုပ်ဆောင်မှုဆိုင်ရာ ကဏ္ဍတွင် ၁၂ လတာ နှောင့်နှေးမှု- သို့မဟုတ်
- လုပ်ဆောင်မှုဆိုင်ရာ ကဏ္ဍတစ်ခုတွင် ၃၃% နှောင့်နှေးမှု - သို့မဟုတ်
- လုပ်ဆောင်မှုဆိုင်ရာ ကဏ္ဍနှစ်ခုစီတွင်၂၅ % နှောင့်နှေးမှု - သို့မဟုတ်
- လုပ်ဆောင်မှုဆိုင်ရာ ကဏ္ဍတစ်ခုတွင်ပျမ်းမျှအောက် အနည်းဆုံး ၂.ဝ စံနှုန်း ကျော်လွန်မှု။သို့မဟုတ်လုပ်ဆောင်မှုဆိုင်ရာ ကဏ္ဍနှစ်ခုအောက် အနည်းဆုံး ၁.၅ စံနှုန်း ကျော်လွန်မှု။

မသန်စွမ်းသောမူလတန်းကြိုကျောင်းသားကလေးတစ်ဦးဆိုသည်မှာစိတ်ပိုင်းဆိုင်ရာ၊ကျန်းမာရေးပိုင်းဆိုင်ရာသို့မဟုတ်စိတ်ခံစားမှုပိုင်းဆိုင်ရာတစ်ခုခုကြောင့် မသန်စွမ်းဖြစ်သူအဖြစ်သတ်မှတ်ခံထားရသည့် မူလတန်းကြိုအရွယ်ကလေးဖြစ်ပြီး ပညာရေးဌာနမှအသိအမှတ်ပြုထားသည့် အထူးအစီအစဉ်နှင့်ဝန်ဆောင်မှုများထံမှလျော်ကန်မှုရှိသောပညာရေးဆိုင်ရာအခွင့်အလမ်းများကို လက်ခံရရှိနိုင်ပါသည်။ အရည်အချင်းပြည့်မှီမှုအား မူလတန်းကြိုကျောင်းအထူးပညာရေးနှင့်ဆက်လျဉ်းသော ကော်မတီမှ အဆုံးအဖြတ်ပေးသည်။

အောက်ပါတို့ရှိ ဖွံ့ဖြိုးမှုဆိုင်ရာ လက္ခဏာများအတွက် စံအမှတ်များနှင့်ကိုက်ညီမှုရှိလျှင် ကလေးသည်အရည်အချင်းပြည့်မှီနိုင်ပါသည်
- ဩတစ်စတစ် အထီးကျန်စိတ်ဝေဒနာ
- နားမကြားခြင်း
-မျက်မမြင် နားမကြားခြင်း
-အကြားအာရုံချွတ်ယွင်းခြင်း
-အရိုးလွဲချော်မှု
-အခြား ကျန်းမာရေးချွတ်ယွင်းမှုများ
-စိတ်ဒဏ်ရာဖြစ်စေသည့် ဦးနှောက်ထိခိုက်မှု
-မျက်မမြင်မှုအပါအဝင် အမြင်အာရုံချွတ်ယွင်းမှု

ဤတွင်ဖော်ပြထားသည့် တရားဝင် နယူးယောက်ခ်ပြည်နယ် အမိပ္ပါယ်ဖွင့်ဆိုချက်နှင့် စံအမှတ်များနှင့် သက်ဆိုင်သောအချက်အလက်များကို ECDC ထံတွင်ရယူနိုင်ပါသည်။

မူကြမ်း

# မူလတန်းကြို
# အကဲဖြတ်စမ်းစစ်မှုများ
# (ဆက်လက်၍)



**အကဲစမ်းခြင်း**

နည်းစနစ်တကျအကဲစမ်းခြင်းတွင် ဖွံ့ဖြိုးမှုဆိုင်ရာ ကဏ္ဍအားလုံးကိုထည့်သွင်းထားပါသည် -

- ***ကိုယ်လက်လှုပ်ရှားမှု*** —ကိုယ်ခြေလက်လှုပ်ရှားမှုများဖြစ်သည့် လမ်းလျှောက်ခြင်းနှင့် တွယ်တက်ခြင်းနှင့် ခြေလက်ချောင်းများအသုံးပြုလှုပ်ရှားမှုဖြစ်သည့် ရောင်စုံခြယ်ခြင်းနှင့် စက္ကူညှပ်ခြင်းတို့အပါအဝင် ကိုယ်လက်လှုပ်ရှားမှု
- ***သိမြင်တတ်မှု*** —တွေးခေါ်ဆင်ခြင်ခြင်း၊ကိစ္စရပ်များကို ရှာသိခြင်းနှင့် ပြဿနာဖြေရှင်းခြင်း
- ***စကား/ဘာသာစကားတတ်မြောက်မှု*** —စကားပြောခြင်း၊နားလည်ခြင်း၊ ဆက်သွယ်ပြောဆိုခြင်း
- ***လိုက်လျောညီထွေစွာပြုနိုင်မှု*** —ဝတ်စားဆင်ယင်မှုနှင့် အစားစားသောက်ခြင်းတို့ မိမိဘာသာကိုယ်ထူကိုယ်ထပြုလုပ်ခြင်း
- ***လူမှုပေါင်းသင်းဆက်ဆံရေး/စိတ်ခံစားမှု***—အခြားသူများနှင့်အဆင်ပြေခြင်း၊လိုက်လျောညီထွေစွာနေထိုင်နိုင်မှု
- ***ကျန်းမာရေး***—အထွေထွေကျန်းမာရေး ခြုံငုံချက်

အချို့သောကလေးများအတွက်အကဲဖြတ်စမ်းစစ်ရေးအဖွဲ့သည်ပူးတွဲမှုကို ပြန်လည်သုံးသပ်ထားပြီးကလေးဖွံ့ဖြိုးမှုအတွက်လက်ခံထားသော မှတ်တိုင်များနှင့်နှိုးယှဉ်ကာအခြား အချိန်အခါနှင့်ကိစ္စရပ်များကိုစီမံသွားမည်ဖြစ်၍သင့်ကလေးနောင့်နှေးနေရသည့် သဘာဝအကြောင်းရင်းကို ဆုံးဖြတ်သွားပါမည်။

**အကဲဖြတ်စမ်းစစ်မှုလုပ်ငန်းစဉ်တွင် သင်သည် -**

-သင့်ကလေး၏ဖွံ့ဖြိုးမှုနှင့်ပတ်သက်၍ သင်၏စိုးရိမ်မှုများကို ဆွေးနွေးခြင်း
-စာရွက်စာတမ်းများဖြည့်စွက်ခြင်းနှင့် မေးခွန်းများဖြေဆိုခြင်း
-အိမ်တွင်သင့်ကလေးပြုမူပုံကိုဖော်ပြရေးသားခြင်း
-အချိန်နှင့်အမျှသင့်ကလေး၏ဖွံ့ဖြိုးမှုမှာမည်သို့မည်ပုံပြောင်းလဲလာသည်ကို ဖော်ထုတ်ခြင်း
-သင့်ကလေးကောင်းမွန်စွာလုပ်ဆောင်နိုင်သည့်အရာကိုဝေမျှခြင်း ဖြင့်သင့်ပူးပေါင်းပါဝင်နိုင်ပါသည်။

**မူလတန်းကြိုကျောင်းအထူးပညာရေးအတွက်လမ်းညွှန်တစ်ရပ်**
ကလေးသူငယ်များအားလမ်းညွှန်ပေးရေး စင်တာဆိုက်ရာကူစ
တက္ကသိုလ် 805 Crouse Avenue, Syracuse, NY 13244-2280
မှရေးသားဖော်ဆောင်ထားသည်

မူကြမ်း

# သင်သည်
# အဖွဲ့ဝင်တစ်ဦးဖြစ်သည်



မူလတန်းကြိုအထူးပညာရေးနှင့်ဆက်လျဉ်းသည့်ဥပဒေများသည် မိဘများကို CPSE ၏အဖွဲ့ဝင်များအဖြစ်သတ်မှတ်ထားပါသည်။ မူလတန်းကြိုအထူးပညာရေးဆိုင်ရာ ကော်မတီသည် တစ်ဦးချင်းစီပြုသည့် ပညာရေးစီမံချက် (IEP) ကိုဖန်တီးဖော်ဆောင်ရန်အတွက်တာဝန်ရှိပြီး ၎င်းစီမံချက်မှာ သင့်ကလေး၏ ပညာရေးဆိုင်ရာလိုအပ်ချက်များကို ဖြည့်ဆီးပေးနိုင်မည့် အစီအစဉ်များနှင့်ဝန်ဆောင်မှုများကို ဖော်ထုတ်ရန် ပုံစံချထားခြင်းဖြစ်ပါသည်။ သင့်ကလေး၏ IEP ကို အောက်ပါပုဂ္ဂိုလ်များပါသည့် **အဖွဲ့** မှဖော်ဆောင်ထားပါသည် -

-သင်
-ကျောင်းခရိုင်ရှိမသန်စွမ်းကလေး၏ မိဘတစ်ဦး
-ခရိုင်မှကိုယ်စားလှယ်တစ်ဦး
-ဆရာများ (အထွေထွေနှင့် အထူးပညာရေး)
-သက်ဆိုင်သောဝန်ဆောင်မှုပေးအပ်သူများအပါအဝင်ကလေးအကြောင်းသိရှိသည့်အခြားပုဂ္ဂိုလ်များ
-အကဲဖြတ်စမ်းစစ်မှုအဖြေကိုရှင်းလင်းပြနိုင်သောသီးခြားပုဂ္ဂိုလ်
-ကောင်တီမှကိုယ်စားလှယ်တစ်ဦး
-မိဘမှစာဖြင့်ခွင့်ပြုချက်ပေးလျှင် EI မှပုဂ္ဂိုလ်တစ်ဦးဦး

အဖွဲ့တွင်လူပေါင်းစုံပါဝင်ပါသည်။ အဖွဲ့၏တစိတ်တပိုင်းအဖြစ်သင့်ခံစားရစေရန်သင့်ခရိုင်သည် -

-အစည်းအဝေးကျင်းပမည့်နေရာနှင့်အချိန်တို့ပါသည့် အကြောင်းကြားစာကို အနည်းဆုံး ၅ ရက်ကြိုတင်၍ ပေးသင့်သည်
-အစည်းအဝေးတွင် ဆွေးနွေးမည့်ကိစ္စရပ်ကို သင့်ထံအသိပေးသင့်သည်
-အစည်းအဝေးတက်ရောက်မည့်သူများကို သင့်ထံအသိပေးသင့်သည်
-သင်တက်ရောက်ရန်အဆင်မပြေလျှင် အစည်းအဝေးကိုအချိန်ပြန်လည်သတ်မှတ်သင့်သည် (သူတို့ထံအမြန်ဆုံးအကြောင်းကြားပါ)
-သင်ကတောင်းခံထားပါက အစီရင်ခံစာအနှစ်ချုပ်မိတ္တူကို သင့်ထံပေးအပ်သင့်သည်
- IEP အားဖော်ဆောင်ရာတွင်အဖွဲ့ကိုလမ်းညွှန်ပေးနိုင်မည့် သင့်ကလေးနှင့်ပတ်သက်သောအချက်အလက်နှင့် ဗဟုသုတများကိုကြိုတင်ပြင်ဆင်ပြီးမှ အစည်းအဝေးသို့တက်ရောက်သင့်ပြီး အစည်းအဝေးမပြုလုပ်မီကတည်းက ဖော်ဆောင်ထားသည့် IPE ကိုသင့်ထံ မပေးအပ်သင့်ပါ

# အစည်းအဝေးအတွက် ကြိုတင်ပြင်ဆင်ခြင်း



သင့်ကလေး၏ CPSE အစည်းအဝေးမတိုင်မီ အောက်ပါမေးခွန်းများအတွက် အဖြေများကို စဉ်းစားထားပါ။ ပြဿနာရပ်များ အားလုံးကို CPSE အစည်းအဝေးတွင်ထည့်သွင်းဆွေးနွေးနိုင်သလို ထည့်သွင်းသင့်ပါသည်။သင့်ကလေးအတွက် သင်ထင်မြင်ချက်နှင့်ဦးစားပေးမှုမှာ အရေးကြီး၍ အစည်းအဝေးကိုဦးစီးလမ်းညွှန်ပေးရာတွင် အထောက်အကူဖြစ်သင့်ပါသည်။

- ဤသည်တို့မှာ သင်ယူလေ့လာမှုကိုအဟန့်အတားဖြစ်စေသည်ဟု သင်ယုံကြည်သည့် သင့်ကလေး၏အပြုအမူများဖြစ်ပါသလား။ ဖြစ်သည်ဆိုပါလျှင် မည်သည်တို့ဖြစ်ပါသနည်း။
-သင့်ကလေး၏အားနည်းချက်နှင့်အားသာချက်များကဘာတွေဖြစ်သနည်း။
- သင့်ကလေးကြီးထွားမှုနှင့်ဖွံ့ဖြိုးမှုတို့ကိုအထောက်အကူပြုရာတွင် ထိရောက်မှုရှိသည်ဟု သင်သိရှိသော နည်းလမ်းများမှာ ဘာတွေဖြစ်သနည်း။
-သင့်ကလေးသည် အခြားသက်တူရွယ်တူကလေးများနှင့် ဆက်ဆံဆော့ကစားရာတွင် မည်သို့မည်ပုံပြုမူသနည်း။
- သင့်ကလေး၏လူမှုပေါင်းသင်းဆက်ဆံရေးအတတ်ပညာကိုတိုးမြှင့်ရေးအတွက် သင်အထောက်အကူရယူလိုပါသလော။
- "ပုံမှန်"ကလေးများနှင့် သင့်ကလေးက ဆော့ကစားရန်အတွက် အခွင့်အလမ်းများဖွင့်ပေးမှုနှင့်ပတ်သက်၍ သင်၏ခံစားချက်များမှာဘာတွေဖြစ်သနည်း။

သင်သည်အောက်ပါအချက်များကိုရှင်းလင်းစွာနားလည်ပြီးမှသာ အစည်းအဝေးပြီးမြောက်သင့်သည် -

- သင့်ကလေးအရည်အချင်းပြည့်မှီသော ဝန်ဆောင်မှုများ
- ဝန်ဆောင်မှုအပ်နှင်းမည့်နေရာနှင့်အကြိမ်ရေ
- သင့်ကလေး၏အားသာချက်နှင့်အားနည်းချက်များ
- ကျောင်းစာသင်နှစ်အတွက် လုပ်ဆောင်သွားမည့်ရည်မှန်းချက်များ
- အဆိုပါရည်မှန်းချက်များပြီးမြောက်ရန်အသုံးပြုမည့် နည်းလမ်းများနှင့် ဝန်ဆောင်မှုများ
- သင့်ကလေး၏တိုးတက်ချက်နှင့်ပတ်သက်၍ ဆရာ/အထူးပြုကုသသည့်ဆရာ များက သင့်ကိုမည်သို့မည်ပုံအကြောင်းကြားပုံ
- သင့်ကလေးကသွားရေးလာရေးအတွက် အရည်အချင်းပြည့်မှီမှုရှိမရှိ နှင့်အကယ်၍ ပြည့်မှီလျှင် ၎င်းကို IEP တွင်ဖော်ပြ သတ်မှတ်သွားမည်

မူကြမ်း

**မူလတန်းကြိုကျောင်းအထူးပညာရေးအတွက်လမ်းညွှန်တစ်ရပ်**
ကလေးသူငယ်များအားလမ်းညွှန်ပေးရေး စင်တာဆိုက်ရာကျူစ
တက္ကသိုလ် 805 Crouse Avenue, Syracuse, NY 13244-2280
မှရေးသားဖော်ဆောင်ထားသည်

သင်၏ CPSE အဖွဲ့မှ "လုပ်ထုံးလုပ်နည်းဆိုင်ရာ သတိပြုမှုသင့်သည့် ဘေးဆီးရန်ကာ" စာအုပ်ငယ်ကို သင့်ထံပေးအပ်သွားမည်။ ဤစာအုပ်ငယ်အကြောင်းသင်မေးစရာတစ်ခုခုရှိလျှင် ECDC ကို 716 408-2589 ၌ ခေါ်ဆိုပါ။

ပေးအပ်ထားသည့် အကြံပြုချက်တစ်ခုခုကို *သင်သဘောမတူပါက* ယင်းအကြံပြုချက်ကိုဖော်ထုတ်၍ ဆွေးနွေးပါ။ ပြဿနာရပ်ကို ဆွေးနွေးပြီးသော်လည်း အခြားကော်မတီအဖွဲ့ဝင်များနှင့်သင်သည် သဘောတူညီမှုတစ်စုံတစ်ရာမရရှိထားလျှင် အစည်းအဝေး နောက်ထပ်တစ်ကြိမ်ပြုလုပ်ရန်တောင်းဆိုပါ။ သင်၏စိုးရိမ်မှုများကို စာဖြင့်ဖော်ပြသည်ကလည်း အသုံးဝင်ပါသည်။

***CPSE အစည်းအဝေးမှသင်ထွက်ခွာသွားချိန်၌ ပေးအပ်ထားသည့်***
***အကြံပြုချက်များကို***
***သင်သေချာနားလည် အောင်ပြုလုပ်ပါ။***
***IEP ၏အပိုင်းတစ်ခုခုကိုသင်သဘောမတူညီလျှင်***
***သင်၏သဘောထားကွဲလွဲမှုအား အစည်းအဝေးမှတ်တမ်းများက***
***မှတ်တမ်းရယူထားသည်ကို သေချာပြုလုပ်ပါ။***



မူကြမ်း

# သင်၏ အခန်း ကဏ္ဍ



IEP ဖော်ဆောင်ပြီးနောက် ယင်းမှာထိရောက်စွာအလုပ်ဖြစ်သည်ကို သေချာစေရန် သင်လုပ်ဆောင်နိုင်သည့်အရာများရှိပါသည်

- သင့်ကလေး၏ဝန်ဆောင်မှုပေးအပ်သူကို ရင်းနှီးကျွမ်းဝင်မှုရှိအောင်လုပ်ပါ - အလုပ်ဖြစ်ထိရောက်သောကိစ္စရပ်နှင့်ဆက်စပ်သောအချက်အလက်များကို ဝေမျှနိုင်သလို သင်ကလေးတွင်ရှိနေနိုင်သောအခက်အခဲများကိုဖော်ထုတ်နိုင်ပါသည်။ ဤအချက်အလက်ကိုဝေမျှသကဲ့သို့ သင်အသုံးပြုနိုင်သော အချက်အလက်ပေးအပ်သည့် လက်ကမ်းစာစောင်မှာ "All About Me." ဖြစ်ပါသည်။ မိတ္တူတစ်စောင်ကိုအခမဲ့ဒေါင်းလုတ်လုပ်ရန် ပြည်နယ်အလယ်ပိုင်းဗဟို ECDC ဝဘ်ဆိုက် http://ecdc.syr.edu/resources/all-about-me-todo-sobre-mi/ သို့သွားရောက်ပါ။

- ပုံမှန်အစည်းအဝေးများသို့မဟုတ် အခြားသဘောတူညီမှုရယူထားသည့်ဆက်သွယ်ရန်နည်းလမ်းများပြုလုပ်ထားရှိပါ - IEP ၏အပိုင်းတစ်ခုအဖြစ်ရှိနေစေရန်အတွက် သင့်ကလေး၏ တိုးတက်ချက်အား အကြောင်းကြားနည်းလမ်းမှာယခုအခါတွင် လိုအပ်ပါသည်။ ကွန်ပျူတာ၊ဖုန်းခေါ်ဆိုမှုများသို့ အစည်းအဝေးများကို သင်သုံးစွဲနိုင်ပေသည်။

- သင့်ကလေးကိုလေ့လာပြီး နားထောင်ပါ
  - ➢ အိမ်တွင်သင့်ကလေးကဘယ်လိုတုန့်ပြန် ပြုမူသနည်း။
  - ➢ ဖွံ့ဖြိုးမှုသို့မဟုတ် နေ့စဉ်အက်တီဗတီများကိုအဟန့်အတားဖြစ်စေသော အပြုအမူများရှိပါသလော။
  - ➢ သင်တွေ့ဖူးသည့် တတ်မြောက်မှုအသစ်များရှိပါသလော။

- သင့်ကလေးအပေါ်အကျိုးသက်ရောက်စေနိုင်မည်ဟု သင်ယူဆသည့် အချက်အလက်များကို အဖွဲ့ဝင်များအားလုံးနှင့်ဝေမျှပါ။

- မည်သည့်စီမံချက်မဆိုနှင့်စပ်လျဉ်း၍ အမှတ်ရနေရမည့် နောက်ဆုံးအရေးကြီးသည့် ကိစ္စရပ်မှာ၎င်းက သင့်ကလေး၏အားသာ ချက်များနှင့်လိုအပ်ချက်များနှင့်ကိုက်ညီမှုသေချာရှိစေရန် ၎င်းအား ပုံမှန်ပြန်လည်သုံးသပ်ရန်ဖြစ်သည်။

သင်သည်ဆုံးဖြတ်ချက် ချမှတ်သူဖြစ်ပါသည်။ သင်က လက်တွေ့လေ့ကျင့်မှုအချို့ လိုအပ်နိုင်သော်လည်း သင်ဆုံးဖြတ်ချက်ချမှတ်နိုင်ပေသည်။ ဥပဒေအကြောင်းအရ သင်သည် ကြားနိုင်ခွင့်၊ပူးပေါင်းပါဝင်နိုင်ခွင့်၊သဘောထားကွဲလွဲခွင့်နှင့် အပြောင်းအလဲများကိုတောင်းဆိုပိုင်ခွင့်သင့်တွင်ရှိပါသည်။ ဥပဒေသည် ၎င်းဘာသာအကျုံးမဝင်သက်ရောက်မှုမရှိသည်ကိုသတိရပါ။ သင်ကကြောက်ရွံ့နေသည်ပင်လျှင် ရဲရဲပြောဆိုပါ၊မေးခွန်းမေးပါ၊သင့်ကလေးနှင့်ပတ်သက်ပြီး သင့်ထင်မြင်ချက်ကိုဝေမျှပါ။

၎င်းမှာ သင့်ကလေးအတွက်လုပ်ကိုင်ဆောင်ရွက်ပေးနေသည့် အဖွဲ့ဝင်တစ်ဦး၏ ဖြည့်ဆီးပံ့ပိုးပေးမှုဖြစ်ပါသည်။ ဤလုပ်ငန်းစဉ်အပိုင်းတစ်ခုခုကိုသင်သဘောမတူပါက သင့်အခွင့်အရေးများအားထိန်းသိမ်းထားသည်ကို သေချာစေရန် သင့်ကိုကူညီပေးမည့်လမ်းညွှန်မှုဝန်ဆောင်မှုလည်း ထားရှိပါသည်။

http://www.p12.nysed.gov/specialed/publications/policy/coverpsgn109.htm#notice

**မူလတန်းကြိုကျောင်းအထူးပညာရေးအတွက်လမ်းညွှန်တစ်ရပ်**
ကလေးသူငယ်များအားလမ်းညွှန်ပေးရေး စင်တာ ဆိုက်ရာကူစ
တက္ကသိုလ် 805 Crouse Avenue, Syracuse, NY 13244-2280
မှရေးသားဖော်ဆောင်ထားသည်

မူကြမ်း



# မသန်စွမ်းဖြစ်သူ မူလတန်းကြိုကလေးများအတွက် ရွေးချယ်နိုင်သော ဝန်ဆောင်မှုများ

**အောက်ပါရပ်ရွာအသိုင်းအဝိုင်းများကဲ့သို့သော နေရာများတွင် မူလတန်းကြိုကလေးများက ဝန်ဆောင်မှုများကို ရရှိနိုင်ပါသည် -**

-အိမ်
-နေ့ကလေးထိန်းကျောင်း
-နေ့ကလေးထိန်းစင်တာ
-မူကြိုကျောင်း
-Head Start
-အထူးပညာရေးမူလတန်းကြိုကျောင်း

1. *သက်ဆိုင်သော ဝန်ဆောင်မှုများ။*

သူ/သူမ၏လိုအပ်ကိုဖြည့်ဆီးပေးနိုင်ရန်အတွက် ဤရွေးချယ်မှုသည် OT၊ PT၊ စကားတတ်မြောက်ရေး၊ SEIT (အထူးပညာရေး နယ်လှည့်ဆရာ)ကဲ့သို့သော အထူးကုထုံးဖြင့်ကုသပေးသူတစ်ဦးနှင့်အထက်ဖြင့် ဝန်ဆောင်မှုအား သင့်ကလေးထံပေးအပ်ပါသည်။ CPSE မှသတ်မှတ်ထားသည့် အကြိမ်ရေအတိုင်း အပတ်စဉ်တိုင်းတွင် အထူးကုထုံးဖြင့်ကုသပေးသူသည် ကလေးနှင့်အတူလက်တွဲလုပ်ဆောင်သွားမည်ဖြစ်ပြီး ကလေးတက်ရောက်မည့်ရပ်ရွာအခြေပြု သမားရိုးကျအစီအစဉ်များတစ်ခုခုရှိ ပံ့ပိုးသူများ၊ မိသားစုများနှင့်လည်း အရင်းအမြစ်ဖော်ဆောင်သွားမည်။ **ဝန်ဆောင်မှုပေးအပ်မည့်နေရာကို CPSE အစည်းအဝေးတွင်ဆုံးဖြတ်သွားပါမည်။**

2. *အထူးပညာရေး နည်လှည့်ဆရာ (SEIT)*

ဤရွေးချယ်မှုသည် သင့်ကလေးကို အထူးပညာရေးဆရာတစ်ဦးဖြင့် ဝန်ဆောင်မှုကိုပေးအပ်ပါသည်။ တစ်ခါတစ်ရံ၌ အထူးလိုအပ်ချက်ရှိသည့် အခြားကလေးများသည်လည်း တစ်ချိန်တည်းတွင် ဝန်ဆောင်မှုများကိုရရှိနိုင်ပေသည်။ ကလေး၏လိုအပ်ချက်အတွက် သမားရိုးကျအစီအစဉ်တစ်ခုခုကို ကျင့်သားရနေစေရေး ကူညီပေးရန် SEIT သည် သင့်ကလေး၊ ကလေးမိသားစု နှင့်/သို့မဟုတ် ပုံမှန်ဆရာများနှင့်တိုက်ရိုက်လက်တွဲလုပ်ကိုင်ပါမည်။ SEIT သည် တစ်ပတ်လျှင်အနည်းဆုံး ၂ နာရီခန့် သင့်ကလေးနှင့်မိသားစု သို့မဟုတ် အစီအစဉ်နှင့်အတူ လက်တွဲလုပ်ကိုင်ပါမည်။ ဤနမူနာပုံစံရှိ အချို့သောကလေးများသည်လည်း သက်ဆိုင်ရာဝန်ဆောင်မှုများကိုရရှိပါမည်။ သူ/သူမ၏ IEP တွင်ဖော်ပြသတ်မှတ်ထားသည့် အချိန်အတိုင်းအတာအတိုင်း သူတို့က သင့်ကလေးနှင့်လက်တွဲလုပ်ဆောင်ပါမည်။

သင်၏ CPSE အစည်းအဝေး၌ ပိုမိုတင်းကျပ်သော အစီအစဉ်ရွေးချယ်စရာမပြုလုပ်မီ ရွေးချယ်စရာ 1 နှင့် 2 ကို သင့်ကလေးအတွက် **<u>ထည့်သွင်းစဉ်းစားရပါမည်။</u>**

နယူးယောက်ခ် ပြည်နယ်၏ စနစ်သည် သက်ဆိုင်ရာဝန်ဆောင်မှုများအကန့်အသတ်ကာလနှင့် SEIT တို့ကို အထွေထွေပညာရေး မူလတန်းကြိုကျောင်းနှင့်/သို့မဟုတ် နေ့ကလေးထိန်းကျောင်း ပတ်ဝန်းကျင်များအပြင် ကလေး၏အိမ်စသည်တို့အတွင်းမှာပင် ခွင့်ပြုပါသည်။

မူကြမ်း

3. *ဘက်ပေါင်းစုံပေါင်းစည်းထားသော ချိန်ညှိချက်များအတွင်း အထူးစာသင်ခန်း(SCIS)။*

ဤနမူနာပုံစံတွင် အထူးလိုအပ်ချက်ရှိသည့်ကလေးအား**သာမန်ကလေးများနှင့် အထူးလိုအပ်ချက်ရှိသည့်ကလေးများပါသည့် စာသင်ခန်းများတွင် နေရာချထားရှိပါသည်။** အထူးပညာရေးဆရာတစ်ဦးရှိပြီး ကလေးများနှင့်လက်တွဲလုပ်ဆောင်သည့် လက်ထောက်တစ်ဦးလည်းရှိပါသည်။သက်ဆိုင်ရာဝန်ဆောင်မှုများကိုသင့်ကလေး၏ IEP တွင်သတ်မှတ်ပုံဖော်ထားသည့်အတိုင်း SCIS အစီအစဉ်များတွင်ပံ့ပိုးပေးထားသည်။ ကလေးများသည့် သာမန်သက်တူရွယ်တူကလေးများနှင့်အတူ ဤအစီအစဉ်များသို့တက်ရောက်ပါသည်။

4. *အထူးစာသင်ခန်း။*

ယခုအတန်းမှာ အထူးလိုအပ်ချက်ရှိသည့်ကလေးများပါသည့်အတန်းဖြစ်၍ ကလေး ၁၂ ဦးထက်မပိုပေ။ အတန်းကို အထူးပညာရေးဆရာ၊လက်ထောက်တစ်ဦးနှင့်အထက်ပိုစွာဖြင့်အားဖြည့်ထားပါသည်။သက်ဆိုင်ရာဝန်ဆောင်မှုပေးအပ်သည့် ဝန်ထမ်းများမှာ သင့်ကလေး၏ IEP တွင်ဖော်ပြသတ်မှတ်ထားသည့်အတိုင်း ကလေးတစ်ဦးချင်းစီနှင့်တွေ့ဆုံရပါသည်။

**ဝန်ဆောင်မှုပေးအပ်မည့်နေရာကို CPSE အစည်းအဝေးတွင်ဆုံးဖြတ်သွားပါမည်။**

## *ကိစ္စရပ်အားလုံးတွင် ...*

CPSE သည် ကလေးများကို သဘာဝအကျဆုံးနှင့်ဟန်ဆောင်မှုအကင်းဆုံးသောချိန်ညှိချက်တွင်း ဝန်ဆောင်ပေးနိုင်သည်ကို သေချာလုပ်ဆောင်စဉ်၊တစ်ဘက်တွင်လည်း သင့်ကလေး၏အထူးလိုအပ်ချက်များကိုဖြည့်ဆီးပေးနိုင်ရန်လျော်ကန်မှုရှိသောဝန်ဆောင်မှု အတိုင်းအတာကို စီစဉ်ပေးပါသည်။ အခြားတစ်နည်းဖြင့်ဆိုသော်၊ ကလေးများသည် "ကလေးများသာ" ဖြစ်သင့်ပါသည်။





**မူလတန်းကြိုကျောင်းအထူးပညာရေးအတွက်လမ်းညွှန်တစ်ရပ်**
ကလေးသူငယ်များအားလမ်းညွှန်ပေးရေး စင်တာဆိုက်ရာကူစု
တက္ကသိုလ် 805 Crouse Avenue, Syracuse, NY 13244-2280
မှရေးသားဖော်ဆောင်ထားသည်

သတိပြုရန်အချက်များ -

မူကြမ်း

သတိပြုရန်အချက်များ -

မူကြမ်း

အဖွဲ့မှထုတ်ဝေသည့်သတင်းလွှာ၊စာအုပ်ငယ်နှင့်အခြား အရေးကြီးသည့်လက်ကမ်းစာစောင်များအပါအဝင်နောက်ထပ် ရင်းမြစ်များရယူရန် ပြည်နယ်အလယ်ပိုင်း ဗဟို ECD၏ ရင်းမြစ်ကဏ္ဍဝဘ်ဆိုက် http://ecdc.syr.edu သို့သွားရောက်ပါ။













မူကြမ်း

**ဖြန့်ချိသူ**
**ကလေးသူငယ်များအားလမ်းညွှန်ပေးရေး စင်တာ**
**မှ/တဆင့် ဘာဖလို အမျိုးသမီးနှင့်ကလေးများဆေးရုံ**
219 Bryant St.
Buffalo, New York 14222
(716) 408-2589 သို့မဟုတ် အခမဲ့လိုင်း 1 (800) 462-7653
ဝဘ်ဆိုက် - www.wchob.org/ecdc

**ပြုစုရေးသားသူ**
**ပြည်နယ်အလယ်ပိုင်း ဗဟို ကလေးသူငယ်အားလမ်းညွှန်ပေးရေး စင်တာ**
805 South Crouse Avenue
Syracuse, NY 13244-2280
http://ecdc.syr.edu

*ဤလမ်းညွှန်မိတ္တူများကို ရှာဖွေနေပါသလား။*
*ဤဝဘ်ဆိုက်မှ သင်ဒေါင်းလုတ်ရယူ နိုင်သလို ကျွန်ုပ်တို့ကိုလည်းဆက်သွယ်နိုင်ပါသည်။*
*http://ecdc.syr.edu/resources/parent-guides/guide-to-preschool-special-education-cpse/*

မူပိုင်ခွင့် ©2008-2012 Mid-State Central ECDC

ကလေးသူငယ်များနှင့်ပတ်သက်၍ သင့်တွင်မေးစရာရှိလာလျှင် ကျွန်ုပ်တို့ကိုခေါ် ဆိုပါ။

## ကျွန်ုပ်တို့က မိမိတို့၏ကလေးငယ်များကိုလည်းသင်ကြားပေးသလိုကျွန်ုပ်တို့ကိုလည်း သူတို့ပြန်လည်သင်ကြားပေးပါသည်။